# အလပ်ချောင်းကျေးရွာ

## တွံတေးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အလပ်ချောင်းကျေးရွာ၊ တွံတေးမြို့

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ

အလပ်ချောင်းကျေးရွာအုပ်စု၊ အလပ်ချောင်းကျေးရွာ

တွံတေးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ။ အလပ်ချောင်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ နှင့် ကျေးရွာရှိ ဒေသခံ ပြည်သူများမှ ပါဝင်ကူညီရေးဆွဲပါသည်။

ရက်စွဲ၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ( )ရက်

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **အလပ်ချောင်းကျေးရွာ သယံဇာတပြမြေပုံ၊ တွံတေးမြို့နယ်** | ၅ |
| | **အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ** | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၇ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၇ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၇ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၈ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၈ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၉ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၉ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၉ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ ) သတင်းနှင့် ဆက်သွယ်ရေး | ၁၀ |
| ၆။ | **ပညာရေး** | ၁၀ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၁ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၂ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၃ |
| | **အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** | |
| | စီမံချက် အဆိုပြုလွှာ (၁) | ၁၅ |
| | စီမံချက် အဆိုပြုလွှာ (၂) | ၁၇ |
| | စီမံချက် အဆိုပြုလွှာ (၃) | ၁၉ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၂၁ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၂၂ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၈ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ

ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထား ပါသည်။

**ဖေဖော်ဝါရီလ၊ ၂၀၁၉**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**အလပ်ချောင်းကျေးရွာ**

**တွံတေးမြို့နယ်**

# အလယ်ချောင်းကျေးရွာ သယံဇာတပြမြေပုံ၊ တွံတေးမြို့နယ်



# အပိုင်း (က)

## ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

## ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

အလပ်ချောင်းကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၏ အလပ်ချောင်းကျေးရွာ အုပ်စုတွင်ပါဝင်ပြီး ကြည့်မြင်တိုင်မြို့နယ်၊ အလပ်ချောင်းရပ်ကွက်၊ တွံတေး-ဆိပ်ကြီးခနောင်တို-ကြည့်မြင်တိုင် ကားလမ်းမကြီးဘေးနှင့် လှိုင်မြစ်တစ်ဖက်ကမ်းတွင်တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ကြည့်မြင်တိုင်မြို့နယ်၊ အလပ်ချောင်းရပ်ကွက်၊ တွံတေး-ဆိပ်ကြီးခနောင်တို-ကြည့်မြင်တိုင် ကားလမ်းမကြီး၊ အနောက်ဘက်တွင် ကျွန်းကလေးကျေးရွာ၊ မြောက်ဘက် ကုန်းရွာကျေးရွာနှင့်လယ်ကွင်းများ ၊ တောင်ဘက်တွင် ကုန်းရွာကျေးရွာနှင့်လယ်ကွင်းများ စသည် တို့ဖြင့်ဆက်စပ်လျှက်တည်ရှိနေပါသည်။ ကျေးရွာတွင် ဗမာတိုင်းရင်းသားအများစုနှင့်ကရင်လူမျိုးအနည်းစု နေထိုင်ကြပါသည်။ ကျေးရွာသည် ကြည့်မြင်တိုင်မြို့နယ်၊ အလပ်ချောင်းရပ်ကွက်၊ တွံတေး-ဆိပ်ကြီးခနောင်တို-ကြည့်မြင်တိုင် ကားလမ်းမကြီးဘေးနှင့် လှိုင်မြစ်တစ်ဖက်ကမ်းတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့်ကျပန်းလုပ်ငန်းဖြစ်ပြီး ၊ စက်ချုပ်၊ ပို့ဆောင်ရေး၊ နေ့စား၊ စက်ရုံဆင်း လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ လယ်ယာမြေများသည် စပါးစိုက်ပျိုးထုတ်လုပ် ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်ရန်အတွက် တစ်ဖက်တစ်လမ်းမှအားထားရာဖြစ်သည်။ ကျေးရွာသည် ရန်ကုန်မြို့သစ်စီမံကိန်း ဧရိယာအတွင်း ပါဝင်သောကြောင့် နောင်နှစ် များယခုထက်ပိုမိုဖွံ့ဖြိုးလာနိုင်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လယ်ယာမြေ၊ ခြံမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာအနီးပတ်ဝန်းကျင်တွင် စိုက်ပျိုးရေ ရနိုင်သည့် အဓိကပင်ရင်းဖြစ်သည့် အလပ်ချောင်းမြောင်းနှင့်လှိုင်မြစ်ရှိသော်လည်း ရေငံသည့်အတွက် တောင်သူများမှာ မိုးရာသီတွင်မိုးရေဖြင့် စိုက်ပျိုးနိုင်ပြီး၊ နွေစပါးအား ရေငံဝင်သောကြောင့် စိုက်ပျိုး၍ မရနိုင်ပါ။ စိုက်ပျိုးနိုင်သည့် ဧက (၁၅၃)ရှိပြီး စပါးကိုသာအဓိက စိုက်ပျိုးကြပြီး သပြေပန်းနှင့် စိန်ခြယ်ပန်းအနည်းငယ် စိုက်ပျိုးကြပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့(ကျား-၄ဦး)၊ ဂေါပကအဖွဲ့ (ကျား-၅ဦး)၊ ရပ်မိရပ်ဖအဖွဲ့(ကျား-၈ဦး)၊ လူငယ်အမျိုးသားအဖွဲ့ (ကျား-၁၅ဦး)၊ လူငယ်အမျိုးသမီးအဖွဲ့ (မ-၁၅ဦး)၊ လူလတ်ပိုင်း အဖွဲ့ (ကျား-၁၂/မ -၅=၁၇ဦး)၊ တို့မှကျေးရွာ၏ ပညာရေး၊ ကျန်းမာ ရေး၊ ဘာသာရေး၊ သာရေး နာရေး၊လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စည်းရုံးလုပ်ဆောင်နေကြ ပါသည်။ ကျေးရွာတွင် ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများအား ပူးပေါင်းပါဝင် ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာ စာသင်ကျောင်းရှိ ဆရာ/ဆရာမ များနှင့် ပူး

ပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍ တိုးတက်လာစေရေးအတွက် လုပ်ဆောင် လျှက် ရှိပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း သာစည်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများ နေဖြင့် ကျေးလက်ဦးစီးဌာန၊ စိုက်ဘဏ် နှင့် **PM** ငွေချေးအဖွဲ့ (၃)ဖွဲ့သာ ရှိပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

အလယ်ချောင်းကျေးရွာတွင် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၆) အိမ်ထောင်စု နှင့် ၂ ၅ ဧကမှ ၁၂.၅ ဧက ကြား တောင်သူလတ် (၆) အိမ်ထောင်စု၊ ၁၂.၅ ဧက အထက် တောင်သူကြီး (၅) အိမ် ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးကို အားထားစိုက်ပျိုး ကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်းအိမ်ထောင်စု အားလုံးနီးပါးရှိပြီး အများစုသည် နေ့စားကျပန်းလုပ်ငန်းများ၊ စက်ချုပ်၊ ပို့ဆောင်ရေး၊ နေ့စား၊စက်ရုံဆင်းလုပ်ငန်းများနှင့်ရန်ကုန်မြို့ပေါ်တွင်သွားရောက်လုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေကိုသာ အဓိကအားထား စိုက်ပျိုး လုပ်ကိုင်ကြပြီး နွေရာသီတွင်တူးမြောင်းရေသည့် ရေငံသည့်အတွက် စိုက်ပျိုးရန်ရေ မလုံလောက်ပါ။ စပါးအထွက် နှုန်းမှာ တစ်ဧက ပျမ်းမျှ (၅၀)တင်း ရှိပါသည်။ ကျေးရွာတွင် သပြေပန်းနှင့်စိန်ခြယ်ပန်းစိုက်ပျိုးသူများလည်းရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် လယ်ထွန်စက်(၁၂)စီး၊ လက်တွန်းထွန်စက်(၃)စီး၊ အစေ့ချကိရိယာ (၁)စီး၊ ရိတ်သိမ်းခြွေ လှေ့ စက်(၂) စီး၊ ခြွေလှေ့စက်(၃)စီး ရှိပါသည်။ ကျန်အိမ်ထောင်စုများမှာ စက်များကို ငှားရမ်း လုပ်ကိုင်နေကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြားဓာတုဗေဒ သွင်းအား စုများ၊ သီးနှံမျိုးစေ့များကိုလည်းမြို့နှင့်အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့်ဝန်ဆောင်မှုတွင်ကုန်သည်ပွဲစားများမှတဆင့်ရောင်းချနိုင်ကြပါသည်။ ကုန်ဈေးနှုန်းနှင့် စက်ငှားရမ်းခ များသောကြောင့် အဆင်ပြေသော အိမ်ထောင်စု နည်းပါးပါသည်။

မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့်ခရုများ အနည်းငယ် ကျရောက်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် အိမ်ထောင်စု (၇) အိမ်မှ နွား (၂၁) ကောင်၊ အိမ်ထောင်စု (၁) အိမ်မှ ကျွဲ(၁)ကောင်၊ အိမ်ထောင်စု(၂)အိမ်မှ မြင်း (၂၀) ကောင်နှင့် အိမ်ထောင်စု (၁) အိမ် မှ ဝက်(၂၀)ကောင်အားတစ်ပိုင်တစ်နိုင် မွေးမြူရေး ကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူးရေးလုပ်ငန်းလုပ်ကိုင်မည် ဆိုပါက မွေးမြူရေးနည်း ပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ အသိပညာများအား နည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာရှိ အိမ်ထောင်စုများသည် စက်ချုပ်၊ ပို့ဆောင်ရေး၊ စက်ရုံဆင်း၊ လက်သမား၊ ပန်းရံလုပ်ငန်း၊ ဈေးအရောင်းအဝယ် လုပ်ငန်းစသည့်ဖြင့် အခြား ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ကြ ပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးမှုလုပ်ကိုင်နေကြ သော မိသားစုဝင်များသည် အသက်မွေး ဝမ်းကျောင်း နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု များ မရှိခြင်း၊ အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှု မရှိခြင်းစသည်တို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်း များသည့် ရန်ကုန်မြို့ပေါ်ရှိ စက်ရုံ/အလုပ်ရုံများတွင် လုပ်ကိုင်သူဦးရေအသင့်အတင့်များပြားသဖြင့် လုပ်သားအင်အား အသင့်အတင့်သာ ရှိပါသည်။ ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စိုက်ပျိုးရေးလုပ်ငန်းများနှင့် စိုက်ပျိုး၊မွေးမြူရေး မဟုတ် သော အသက်မွေးမှု လုပ်ကိုင်နေကြသောမိသားစုဝင်များသည်စိုက်ဘဏ်နှင့် ပက်စ်မြန်မာငွေချေးအဖွဲ့မှချေးငွေများ ရရှိသော်လည်း အရင်းအနှီးနည်းသဖြင့် စီးပွားဖြစ် လုပ်ကိုင်ကြရန်အခွင့်အလမ်း များ နည်းနေကြပါသည်။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်း လုပ်ငန်းများ ကိုလုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် စက်ဘီး (၄၁) စီး၊ မော်တော်ဆိုင်ကယ် (၆၇) စီး၊ ထော်လာဂျီ (၁) စီး၊ကား (၅)စီး၊ စသည်ဖြင့် ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြု နေကြ ပါသည်။

ကျေးရွာအတွင်းတွင်မြေသားလမ်းနှင့် ကွန်ကရစ်လမ်းများရှိပါသည်။ ကျေးရွာချင်း၏ဆက်လမ်းမှာ ကွန်ကရီလမ်းဖြစ်သော်လည်း ပျက်စီးနေပါသဖြင့် သွားလာရအဆင်ပြေမှုသိပ်မရှိပါ။မိုးတွင်းကာလများတွင်လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာသွားလာရ အဆင် မပြေမှုများ ရှိ နေပါသည်။

အလပ်ချောင်းကျေးရွာတွင်ကွန်ကရစ်တံတား(၅)စင်းရှိပါသည်။ ကျေးရွာချင်းဆက်လမ်းမကြီးပေါ်ရှိ တံတားများမှာ တန်ပိုယာဉ်များသွားလာနေကြပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိပြီးဖြစ်ပါသည်။။ ဆိုလာစနစ်၊ အခြားနည်းစနစ်များ ဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စုများလည်း ရှိကြပြီး လျှပ်စစ်မီး လုံးဝ အသုံးမပြုနိုင်သေး သော အိမ်ထောင်စု (၆၂) စု ရှိပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

အလပ်ချောင်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များ ကို ဖုန်း (၁၆၇) လုံး၊ ရေဒီယို (၅) လုံး၊ တီဗွီ (၁၁၂) လုံး နှင့် စလောင်း(၆)လုံးတို့မှ ရရှိသဖြင့် ကျေးရွာ တွင်း ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲ များ အထူးတလည် မရှိပေ။

## ၆။ ပညာရေး

ကျေးရွာပိုင် အခြေခံပညာမူလတန်းကျောင်းတွင် ကလေးများ ပညာသင်ကြား နိုင်ပြီး အထက်တန်းအဆင့်များကို လှိုင်မြစ်တစ်ဖက်ကမ်းရှိ ကြည့်မြင်တိုင်မြို့နယ်တွင် ဆက်လက်ပညာသင်ယူနိုင်ကြပါသည်။ မူလတန်းကျောင်းတွင် ကျောင်းဆောင်(၂)ခုသာရှိသောကြောင့် လုံလောက်မှုမရှိပါ။ ကျောင်းသုံးသင်ထောက်ကူပစ္စည်းများ လုံလောက်မှု မရှိပါ။

ကလေးများ ပညာသင်ကြားနိုင်ရန်အတွက် အစိုးရခန့် ဆရာ (၂) ဦးနှင့် ဆရာမ (၂) ဦး ရှိသည့် အတွက် သင်ကြားရေးအပိုင်းတွင် အခက်အခဲမရှိပါ။ ကျေးရွာတွင် စာမတတ်သည့် လူဦးရေမှာ(၀.၅၄%)၊ မူလတန်းအဆင့် စာတတ်မြောက်သည့်လူဦးရေမှာ (၅၃.၇၈%)အထိများပြားခြင်း ၊ အလယ်တန်းအဆင့် စာတတ် မြောက် သူများမှာ(၂၉.၀၅%) ၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၃.၅၁%) နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ

(၃.၁၁%) ရှိခြင်းတို့ကြောင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် လူစွမ်းအား အရင်းအမြစ် ကောင်းများ ဖြစ်ကြ ပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် လိုအပ်သည့် ကာကွယ်ဆေးများအား ကျန်းမာရေးဦးစီးဌာနက နှစ်စဉ် နှစ်တိုင်း ကျေးရွာအထိ လာရောက်ထိုးပေးလျှက်ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး လာရောက်ထိုးနှံ ပေးခဲ့ပါသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့်(၂)မိုင်ခန့်ကွာဝေးသော်လည်း အရေးပေါ် အခြေအနေတွင် လမ်းမကောင်းသဖြင့် အလွယ်တကူမသွားလာနိုင်သလိုသော်လည်း လှိုင်မြစ်တစ်ဖက်ကမ်း ကြည့်မြင်တိုင်မြို့နယ်ဆေးရုံများနှင့် ရန်ကုန်မြို့ပေါ်ရှိ ဆေးခန်းများသို့လည်း ရေလမ်းမှတဆင့် ပို့ဆောင် ပေးနိုင်ပြီး ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲများ သိပ်မရှိပေ။

ကျေးရွာတွင် သောက်သုံးရေများကို မိုးရေ၊ကန်ရေ၊ အဝီစိတွင်းရေနှင့်တုံကင်ရေ များဖြင့် အဓိကထား အသုံးပြုကြ ပါသည်။ ကျေးရွာတွင် ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ပေးထားသည့် မိုးရေလှော်ကန်များရှိသလို နွေ၊ မိုးနှင့် ဆောင်းရာသီတွင် ရေလုံ လောက်မှုရှိသော်လည်း နီးစပ်သည့်ကျေးရွာများမှ လာရောက်ခပ်ယူသုံးစွဲကြသည့်အတွက် မိုးခေါင်သည့်အချိန်နှင့်နေပူပြင်းသည့်နှစ်များတွင် ရေပြတ်လပ်မှုဖြစ်နိုင်ပါသည်။ ကျေးရွာတွင် သန့်ရှင်းသောယင်လုံအိမ်သာများကို အိမ်ထောင်စု အများစုမှ အသုံးပြုကြပြီး အနည်း စုမှာ မသန့်ရှင်းသည့် အိမ်သာများကို သုံးစွဲကြပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

အလပ်ချောင်းကျေးရွာတွင် စက်ချုပ်သူ၊ ပို့ဆောင်ရေး၊ စက်ရုံနှင့်ကျပန်း လုပ်ငန်းများလုပ်ကိုင်သည့် အိမ်ထောင်စု အများစုရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့်စားနပ်ရိက္ခာမဖူလုံသည့် အခြေ အနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများ ထက် ပို၍ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

အလပ်ချောင်းကျေးရွာတွင် သဘာဝဆေးဖက်ဝင် အပင်အနည်းငယ်ရှိပြီး၊ သဘာဝတိရစ္ဆာန် မျိုးစိတ် များမရှိပါ။ မိုးရာသီတွင် ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန် တုပ်ကွေးရောဂါများ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။ ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ် သော ရောဂါ များ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

အလပ်ချောင်းကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့်လုပ်ငန်းများတွင်အမျိုးသမီးများတက်ကြွစွာ ပါဝင် ဆောင်ရွက်နေကြသလို ကျေးရွာတွင်းရှိ အမျိုးသားအဖွဲ့များနှင့်လည်း ညီညွတ်စွာ ဆောင်ရွက်နေထိုင်ကြသည့်အတွက် ကျား/မတန်းတူအခွင့်အရေးများရှိကြပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ သလိုအကြမ်း ဖက်မှုများတွင် ကာကွယ် ရမည့် တရားနည်း ဥပဒေဆိုင်ရာ အသိပညာများကိုလည်း နီးစပ်ရာ ရဲစခန်းများမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသောကြောင့် သိရှိကြပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် – အလပ်ချောင်း | | | ကျေးရွာအမည် – အလပ်ချောင်း | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်းမကြီးကွန်ကရိခင်းခြင်း | |
| ၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်းများကွန်ကရိခင်းခြင်း | |
| ၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းပျက်စီးနေသောလမ်းတိုများကွန်ကရိခင်းခြင်း | |
| ၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းကျန်ရှိနေသောမြေသားလမ်းများကွန်ကရိခင်းခြင်း | |
| ၅ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | စာသင်ကျောင်းအဝင်လမ်းကွန်ကရိခင်းခြင်း | |
| ၆ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | သောက်ရေကန်ဆင်းလမ်းကွန်ကရိခင်းခြင်း | |
| ၇ | | | | |
| ၈ | | | | |
| ၉ | | | | |
| ၁၀ | | | | |

# အပိုင်း (၃)

# စီမံချက်ဆိုင်ရာ အချက်အလက်များ

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)**

| | |
|---|---|
| ကျေးရွာ | - အလပ်ချောင်းကျေးရွာ |
| ကျေးရွာအုပ်စု | - အလပ်ချောင်းကျေးရွာအုပ်စု |
| မြို့နယ် | - တွံတေးမြို့နယ် |
| တိုင်းဒေသကြီး / ပြည်နယ် | - ရန်ကုန်တိုင်းဒေသကြီး |

**စီမံချက်အမည်** - ကျေးရွာတွင်းလမ်းမကြီးကွန်ကရိခင်းခြင်း ။

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- အလပ်ချောင်းကျေးရွာ၊ ရွာတွင်းလမ်းမကြီးသည် ယခုလက်ရှိတွင် ကွန်ကရစ်လမ်းဖြစ်သော်လည်း ပျက်စီးနေပါသည်။
- ကွန်ကရစ်လမ်းလမ်းပျက်စီးနေသည့်အတွက် စက်ဘီး၊ ဆိုင်ကယ်များ မကြာခဏ မှောက်နေပါသည်။
- ကျေးရွာ ၏လမ်း မကောင်းသည့်အတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် အခက်အခဲဖြစ် ပေါ်နေပါ သည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ကျေးရွာ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်။
- ကျေးရွာ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် ပိုမို အဆင်ပြေ လာစေရန်။
- ကျေးရွာသားများမှ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက် တတ်လာစေရန်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- လမ်းကောင်းလာသည့်အတွက် လူနေမှု အဆင့်အတန်း မြင့်မားတိုးတက်လာမည်။
- ကျောင်းသား၊ကျောင်းသူများ၊ ရဟန်းသံဃာများ အန္တရာယ်ကင်းစွာ သွားလာနိုင်ပါမည်။
- လမ်းကောင်းမွန်လာသောကြောင့် မီးသတ်ကားများ အလွယ်တကူဝင်ထွက်လာနိုင်ပြီး မီးဘေးအန္တရာယ် လျှော့ချနိုင်ပါမည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- အလပ်ချောင်းကျေးရွာ၊ ကျေးရွာတွင်းလမ်းမကြီးကွန်ကရိခင်းခြင်း (အရှည်-၅၁၀ပေ၊ အကျယ်-၁၀ပေ၊ ထု-၆လက်မ) ရှိပါသည်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀,၀၀၀,၀၀၀(ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| • __________ (ငွေသား) | • ကျေးရွာ |
| • __________ (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **ကျေးရွာအဆင့်** | ၄၁၁ | ၄၁၁ | ၈၂၂ | ၁၇ | ၄၈ | ၈၁ | ၅၈ | ၂၀၄ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၄၁၁ | ၄၁၁ | ၈၂၂ | ၁၇ | ၄၈ | ၈၁ | ၅၈ | ၂၀၄ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် –၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာရပ်မိရပ်ဖ၊ ကျေးရွာအုပ်ချုပ်ရေး၊ ပရဟိတလူငယ်အဖွဲ့
- မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** – ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ

**(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၁၉ ခုနှစ်၊ မတ်လ

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- ကွန်ကရစ်လမ်းခင်းရန်အတွက် လိုအပ်သော အထောက်အကူပြု ပစ္စည်းများ ကျေးရွာဖက် မှ ထည့်ဝင်ပါမည်။
- ကျေးရွာဖက်မှ လိုအပ်သော ငွေကြေး ထည့်ဝင်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများကောင်းမွန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- ကွန်ကရစ်လမ်းနှင့်ပတ်သက်သော ရေရှည်တည်တံ့စေရေး စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များ ထားရှိပါမည်။
- စီမံကိန်း ပြီးလျှင်ပြီးခြင်း ကျေးလက်ဦးစီးဌာနသို့ အထောက်အထားများနှင့်တကွ ပြီးစီး ကြောင်း အစီရင်ခံစာ ပေးပို့ပါမည်။ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျ စရိတ် များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ /သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)**

| | |
|---|---|
| ကျေးရွာ | - အလပ်ချောင်းကျေးရွာ |
| ကျေးရွာအုပ်စု | - အလပ်ချောင်းကျေးရွာအုပ်စု |
| မြို့နယ် | - တွံတေးမြို့နယ် |
| တိုင်းဒေသကြီး / ပြည်နယ် | - ရန်ကုန်တိုင်းဒေသကြီး |

**စီမံချက်အမည်** - ကျေးရွာတွင်းလမ်းများကွန်ကရိခင်းခြင်း ။

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- အလပ်ချောင်းကျေးရွာ၊ ရွာတွင်းလမ်းများသည် ယခုလက်ရှိတွင် ကွန်ကရစ်လမ်းဖြစ်သော်လည်း ပျက်စီးနေပါသည်။
- ကွန်ကရစ်လမ်းလမ်းပျက်စီးနေသည့်အတွက် စက်ဘီး၊ ဆိုင်ကယ်များ မကြာခဏ မှောက်နေပါသည်။
- ကျေးရွာ ၏လမ်း မကောင်းသည့်အတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် အခက်အခဲဖြစ် ပေါ်နေပါ သည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ကျေးရွာ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်။
- ကျေးရွာ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် ပိုမို အဆင်ပြေ လာစေရန်။
- ကျေးရွာသားများမှ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက် တတ်လာစေရန်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- လမ်းကောင်းလာသည့်အတွက် လူနေမှု အဆင့်အတန်း မြင့်မားတိုးတက်လာမည်။
- ကျောင်းသား၊ကျောင်းသူများ၊ ရဟန်းသံဃာများ အန္တရာယ်ကင်းစွာ သွားလာနိုင်ပါမည်။
- လမ်းကောင်းမွန်လာသောကြောင့် မီးသတ်ကားများ အလွယ်တကူဝင်ထွက်လာနိုင်ပြီး မီးဘေးအန္တရာယ် လျော့ချနိုင်ပါမည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- အလပ်ချောင်းကျေးရွာ၊ ကျေးရွာတွင်းလမ်းများကွန်ကရိခင်းခြင်း (အရှည်-၄၀၀ပေ၊ အကျယ်-၁၀ပေ၊ ထု-၆လက်မ) ရှိပါသည်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀,၀၀၀,၀၀၀(ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| • __________ (ငွေသား) | • ကျေးရွာ |
| • __________ (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **ကျေးရွာအဆင့်** | ၄၁၁ | ၄၁၁ | ၈၂၂ | ၁၇ | ၄၈ | ၈၁ | ၅၈ | ၂၀၄ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၄၁၁ | ၄၁၁ | ၈၂၂ | ၁၇ | ၄၈ | ၈၁ | ၅၈ | ၂၀၄ |
| မှတ်ချက်။ ချောင်လည်အဆင့် -၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ - ၃၊ အလွန်ဆင်းရဲ - ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာရပ်မိရပ်ဖ၊ ကျေးရွာအုပ်ချုပ်ရေး၊ ပရဟိတလူငယ်အဖွဲ့
- မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** – ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ

**(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၁၉ ခုနှစ်၊ မတ်လ

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- ကွန်ကရစ်လမ်းခင်းရန်အတွက် လိုအပ်သော အထောက်အကူပြု ပစ္စည်းများ ကျေးရွာဖက် မှ ထည့်ဝင်ပါမည်။
- ကျေးရွာဖက်မှ လိုအပ်သော ငွေကြေး ထည့်ဝင်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများကောင်းမွန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- ကွန်ကရစ်လမ်းနှင့်ပတ်သက်သော ရေရှည်တည်တံ့စေရေး စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များ ထားရှိပါမည်။
- စီမံကိန်း ပြီးလျှင်ပြီးခြင်း ကျေးလက်ဦးစီးဌာနသို့ အထောက်အထားများနှင့်တကွ ပြီးစီး ကြောင်း အစီရင်ခံစာ ပေးပို့ပါမည်။ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျ စရိတ် များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ /သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၃)**

<table>
<tr><td colspan="2">ကျေးရွာ - အလပ်ချောင်းကျေးရွာ<br>ကျေးရွာအုပ်စု - အလပ်ချောင်းကျေးရွာအုပ်စု<br>မြို့နယ် - တွံတေးမြို့နယ်<br>တိုင်းဒေသကြီး / ပြည်နယ် - ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td colspan="2">စီမံချက်အမည် - ကျေးရွာတွင်းပျက်စီးနေသောလမ်းတိုများကွန်ကရိခင်းခြင်း ။</td></tr>
<tr><td colspan="2">စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ<br>• အလပ်ချောင်းကျေးရွာ၊ ကျေးရွာတွင်းပျက်စီးနေသောလမ်းတိုများသည် ယခုလက်ရှိတွင် ကွန်ကရစ်လမ်း ဖြစ်သော်လည်း ပျက်စီး နေပါသည်။<br>• ကွန်ကရစ်လမ်းလမ်းပျက်စီးနေသည့်အတွက် စက်ဘီး၊ ဆိုင်ကယ်များ မကြာခဏ မှောက်နေပါသည်။<br>• ကျေးရွာ ၏လမ်း မကောင်းသည့်အတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် အခက်အခဲဖြစ် ပေါ်နေပါ သည်။</td></tr>
<tr><td colspan="2">စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)<br>• ကျေးရွာ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်။<br>• ကျေးရွာ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် ပိုမို အဆင်ပြေ လာစေရန်။<br>• ကျေးရွာသားများမှ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက် တတ်လာ စေရန်။</td></tr>
<tr><td colspan="2">မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)<br>• လမ်းကောင်းလာသည့်အတွက် လူနေမှု အဆင့်အတန်း မြင့်မားတိုးတက်လာမည်။<br>• ကျောင်းသား၊ကျောင်းသူများ၊ ရဟန်းသံဃာများ အန္တရာယ်ကင်းစွာ သွားလာနိုင်ပါမည်။<br>• လမ်းကောင်းမွန်လာသောကြောင့် မီးသတ်ကားများ အလွယ်တကူဝင်ထွက်လာနိုင်ပြီး မီးဘေးအန္တရာယ် လျော့ချနိုင်ပါမည်။</td></tr>
<tr><td colspan="2">စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)<br>• အလပ်ချောင်းကျေးရွာ၊ ကျေးရွာတွင်းပျက်စီးနေသောလမ်းတိုများကွန်ကရိခင်းခြင်း (အရှည်-၆၀၀ပေ၊ အကျယ်-၈ပေ၊ ထု-၆လက်မ) ရှိပါသည်။</td></tr>
<tr><td colspan="2">စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု</td></tr>
<tr><td>ခန့်မှန်းကုန်ကျစရိတ် (ကျပ်)</td><td>ထည့်ဝင်မည့် အစီအစဉ်</td></tr>
<tr><td>• ၁၀,၀၀၀,၀၀၀(ငွေသား)<br>• __________ (ငွေသား)<br>• __________ (ပစ္စည်း/လုပ်အား)</td><td>• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>• ကျေးရွာ<br>• ကျေးရွာ</td></tr>
</table>

<table>
<tr><td rowspan="2">အကျိုးခံစားသူဦးရေ</td><td colspan="3">လူဦးရေ</td><td colspan="5">ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)</td></tr>
<tr><td>ကျား</td><td>မ</td><td>ပေါင်း</td><td>၁</td><td>၂</td><td>၃</td><td>၄</td><td>ပေါင်း</td></tr>
</table>

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **ကျေးရွာအဆင့်** | ၄၁၁ | ၄၁၁ | ၈၂၂ | ၁၇ | ၄၈ | ၈၁ | ၅၈ | ၂၀၄ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၄၁၁ | ၄၁၁ | ၈၂၂ | ၁၇ | ၄၈ | ၈၁ | ၅၈ | ၂၀၄ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် –၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာရပ်မိရပ်ဖ၊ ကျေးရွာအုပ်ချုပ်ရေး၊ ပရဟိတလူငယ်အဖွဲ့<br>• မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| **(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** – ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ |
| **(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၁၉ ခုနှစ်၊ မတ်လ |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။<br>• ကွန်ကရစ်လမ်းခင်းရန်အတွက် လိုအပ်သော အထောက်အကူပြု ပစ္စည်းများ ကျေးရွာဖက် မှ ထည့်ဝင်ပါမည်။<br>• ကျေးရွာဖက်မှ လိုအပ်သော ငွေကြေး ထည့်ဝင်ပါမည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**<br>• လုပ်ငန်းများကောင်းမွန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့် အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• ကွန်ကရစ်လမ်းနှင့်ပတ်သက်သော ရေရှည်တည်တံ့စေရေး စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြား ချက်များ ထားရှိပါမည်။<br>• စီမံကိန်း ပြီးလျှင်ပြီးခြင်း ကျေးလက်ဦးစီးဌာနသို့ အထောက်အထားများနှင့်တကွ ပြီးစီး ကြောင်း အစီရင်ခံစာ ပေးပို့ပါမည်။ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျ စရိတ် များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ /သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။ |

## အလပ်ချောင်းကျေးရွာအုပ်စု ၊ အလပ်ချောင်းကျေးရွာ ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁။ | ဦးရဲကိုနိုင် | ဦးတင်ကိုကို | ၁၂/တတန(နိုင်)၂၁၁၈၅၅ | ၂၆ | ဥက္ကဌ | ၀၉-၄၅၀၀၀၈၂၁၅ |
| ၂။ | ဒေါ်သဇင် | ဦးသန်းထွေး | ၁၂/တတန(နိုင်)၂၄၂၇၄၄ | ၂၀ | အတွင်းရေးမှူး | ၀၉-၄၅၅၃၀၈၈၀၀ |
| ၃။ | ဦးဝင့်သူကျော် | ဦးသောင်းရွှေ | ၁၂/တတန(နိုင်)၂၁၁၈၈၀ | ၂၅ | ဘဏ္ဍာရေးမှူး | ၀၉-၄၅၀၀၅၄၃၀၈ |
| ၄။ | ဦးယောရှု | ဦးဇော်ဟိန်းနိုင် | ၁၂/တတန(နိုင်)၂၅၈၂၂၄ | ၁၈ | စာရင်းကိုင် | ၀၉-၆၉၄၅၆၈၅၉၂ |
| ၅။ | ဦးရဲကြည် | ဦးဖိုးသော | ၁၂/တတန(နိုင်)၁၅၁၀၂၁ | ၄၇ | စာရင်းစစ်(၁) | ၀၉-၄၂၀၆၆၁၅၂၂ |
| ၆။ | ဒေါ်အယ်ဖော | ဦးအေဒင် | ၁၂/တတန(နိုင်)၀၆၄၅၁၁ | ၄၂ | စာရင်းစစ်(၂) | ၀၉-၄၄၅၆၆၉၀၈ |
| ၇။ | ဒေါ်သူဇာလွင် | ဦးသန်းလွင် | ၁၂/တတန(နိုင်)၁၈၁၉၂၈ | ၃၄ | အဖွဲ့ဝင်(၁) | ၀၉-၂၅၂၂၉၃၉၅၇ |

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၁ | ၁၂ | ၂၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၀ | ၂၉ | ၅၉ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၅ | ၂၈ | ၇၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၉ | ၅၀ | ၈၉ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၇၁ | ၂၇၁ | ၅၄၂ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၅ | ၂၁ | ၃၆ |
| စုစုပေါင်း | | ၄၁၁ | ၄၁၁ | ၈၂၂ |
| စုစုပေါင်း အိမ်ထောင်စု | | ၂၀၄ | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ အလပ်ချောင်းကျေးရွာတွင် အိမ်ထောင်စု (၂၀၄) စု၊ လူဦးရေ (၈၂၂) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၂.၈၀%)၊ ၅နှစ်အောက် ကလေးအရွယ် (၇.၂၀%)၊ မူလတန်းကျောင်းသားအရွယ် (၈.၉၀%)၊ အလယ်တန်း ကျောင်းသား အရွယ် (၁၀.၈၃%)၊ အလုပ်လုပ်နိုင်သည့်အရွယ်(၆၅.၉၄%)၊ သက်ကြီးရွယ်ကြီး အရွယ် (၄.၄၀%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၃၄.၀၆ %) နှင့် အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၂၇၁) ဦး၊ မ (၂၇၁) ဦး စုစုပေါင်း (၅၄၂) ဦး ရှိပြီး တစ်ရွာ လုံးလူဦးရေ၏ (၆၅.၉၄%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ် လုပ်နိုင် သော လူဦးရေ များပြားမှုကြောင့် လူသားအရင်းအမြစ် ကောင်းများ အဖြစ် ကျေးရွာဖွံ့ဖြိုး တိုးတက် ရေး အတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေ ရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၆ | ၂၅ | - | မြင့်☐ လတ် ☑ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၉ | ၉ | ၂ | မြင့်☐ လတ် ☑ နိမ့်☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | - | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | - | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | - | မြင့်☐လတ်☐နိမ့်☑ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၈ | ၈ | | မြင့်☐လတ်☐နိမ့်☑ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြုပြင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | မြင့်☐လတ်☑နိမ့်☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၄ | ၁ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | ၁ | မြင့်☐လတ်☑နိမ့်☐ |
| ၁၁ | လက်လီ-လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၉ | ၂၁ | ၂ | မြင့်☑လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၄ | | မြင့်☐လတ်☑နိမ့်☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၁ | မြင့်☑လတ်☐နိမ့်☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅ | ၁၆ | ၁ | မြင့်☐လတ်☑နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၆ | ၆ | ၁ | မြင့်☑လတ်☐နိမ့်☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐ နိမ့်☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | - | မြင့်☐လတ်☐နိမ့်☑ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁ | မြင့်☐လတ်☐နိမ့်☑ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၄ | - | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | ၂ | မြင့်☐လတ်☐နိမ့်☑ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၉၅ | ၁၁၈ | ၂ | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၈ | ၈ | ၃ | မြင့်☐လတ်☐ နိမ့် ☑ |
| | စုစုပေါင်း | ၂၀၄ | ၂၄၂ | ၁၆ | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု

လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။ အလပ်ချောင်းကျေးရွာတွင် စိုက်ပျိုးရေးနှင့်ကျပန်းလုပ်ငန်းကို အဓိကထား လုပ်ကိုင်သည့် အိမ်ထောင်စုများပြားပြီး စက်ချုပ်၊ ပို့ဆောင်ရေး၊ စက်ရုံ/အလုပ်ရုံ၊ လက်သမား၊ ပန်းရံ လုပ်ငန်းများနှင့် တစ်ပိုင် တစ်နိုင် ဈေးဆိုင်များဖွင့်သည့် အိမ်ထောင်စုများလည်း ရှိပါသည်။**

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၉၀၀၀ | ၆၀၀၀ | ၉၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၄၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၃၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၆၀၀၀ | ၉၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | ၆၀၀၀၀ | - | ၄၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

